# News March 2017

# “မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးများညီလာခံ”
# Myanmar Union Wide Women's Convention

၂၀၁၇ ခုနှစ်၊ မတ်လ ၉ ရက်မှ ၁၂ ရက်နေ့အထိ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးများညီလာခံကို ပြင်ဦးလွင်မြို့ ချယ်ရီလမ်းရှိ ကရာနီနှစ်ခြင်း ခရစ်ယာန် အသင်းတော်ခန်းမတွင် ကျင်းပပြုလုပ်ခဲ့ကြောင်း။

အဆိုပါအစည်းအဝေးကြီးကို ဆရာမစိုဟီးလာရှိုင်း (ညွှန်ကြားရေးမှူး) သိုးထိန်းမယ်/အမျိုးသမီးသာသနာဌာန၊ ကဦးဆောင်ပြီး ဆရာမကြီး Helen B Gulfan (Director, SI & WM Dept., Southern Asia-Pacific Division) က သင်တန်းပို့ချခဲ့ကြောင်း။

မတ်လ ၉ ရက်ညနေ ၅ နာရီအချိန်တွင်ညီလာခံဖွင့်ပွဲအခမ်းအနားပြုလုပ်ခဲ့ပြီးဝတ်ပြုခြင်းအစီအစဉ်တွင် Pr. Kelly P Lyan (MYUM Executive Secretary) က တရားဒေသနာဟောကြားခဲ့ကြောင်း၊ တရားဒေသနာဟောကြားရာတွင် ဆောင်ပုဒ်ဖြစ်သည့် “ဘုရားရှင်၏နောက်ဆုံးအမှုတော်လုပ်ငန်းပြီးစီးရန်” (Fulfilling God's End-Time Mission) အကြောင်းကိုလည်းကောင်း၊ အမျိုးသမီးများ အနေဖြင့် အမှုတော်အတွက် ဘာလုပ်ရမလဲ၊ ကိုယ်တိုင်သွားပြီးအမှုတော်အတွက်ဘယ်လိုလုပ်ရင်အောင်မြင်မလဲ၊ အမှုတော်ပြီးမြောက်ဖို့ အမျိုးသမီးများလည်းဟောပြောရမယ်ဖြစ်ကြောင်း၊ တိုက်တွန်းအားပေးခဲ့ကြောင်း။

ဆရာမကြီး က သင်တန်းပို့ချရာတွင် ဘုရားသခင်၏ကတိတော်ပြည့်စုံဖို့ အမှုတော်မှာ အမျိုးသမီးများပါဝင်ဆက်ကပ်ရန်၊ ဘုရားရှင်ပါရှိလျှင် အရာရာမှာ အောင်မြင်မည်ဖြစ်ကြောင်း၊ အမျိုးသမီးများအစာရှောင်ဆုတောင်းလျှင် ဘုရားရှင် လက်ခံနားညောင်းမည်ဖြစ်ကြောင်း၊ ကောင်းချီးမင်္ဂလာခံစားရမည်ဖြစ်ကြောင်းကို သင်ကြားပေးခဲ့ကြောင်း။

ထို့အပြင် သမ္မာကျမ်းစာဖတ်နည်း၊ လေ့လာသင်ယူနည်းများ၊ ကျမ်းစာဖတ်ပြီး မိမိကြိုက်နှစ်သက်သည့်ကျမ်းချက်ကို လေ့လာမှတ်သားကာ တရားဟောချက်ထုတ်ရေးနည်းများကို သင်ကြားပေးခဲ့ကြောင်း၊ မိမိနှင့်မိမိအသင်းတော်သည် သူတပါးကိုဆွဲဆောင်မှုရှိပါသလား၊ အသင်းတော်သည် ချစ်ခြင်းမေတ္တာနှင့်ပြည့်နေရမည်၊ အမျိုးသမီးများအနေဖြင့် သန့်ရှင်းသောဝိညာဉ်တော်ရရှိရန် ဆုတောင်းရမည်ဖြစ်ကြောင်းများကို သင်ကြားပေးခဲ့ကြောင်း။

မတ်လ ၁၂ ရက်နေ့၊ တနင်္ဂနွေနေ့ နံနက်ပိုင်းတွင် သင်တန်းသူအားလုံး ပြင်ဦးလွင်ရှိတိုင်းရင်းသားကျေးရွာသို့သွားရောက်ကာ ဆက်ကပ်ခြင်းနှင့်အစည်းအဝေးပိတ် အစီအစဉ်ကိုကျင်းပပြုလုပ်ခဲ့ကြောင်း၊ တိုင်းအသီးသီးမှ အမျိုးသမီးကိုယ်စားလှယ် ၄၅၀

ယောက်နှင့်အတူ အမျိုးသား ၃၀ ယောက်ခန့်၊ ကလေး ၃၀ ယောက် ခန့်တက်ရောက်ခဲ့ကြောင်း၊ အမျိုးသမီးကိုယ်စားလှယ်များ၏သက်သေခံချက်အရ ဤအစည်းအဝေးပွဲကြီးမှ သတင်းစကားများသည်အလွန်ဝိညာဉ်တော်ပါရှိပြီး အသက်တာအတွက်အကျိုးရှိကာ ခွန်အားရရှိကြောင်း၊ သတင်းရရှိပါသည်။




## မိသားစုသာသနာဌာနသင်တန်း
## Parenting Seminar

သတ္တမနေ့အသင်းတော်မိသားစုသာသနာဌာနမှ မတ်လ ၈ ရက်နှင့် ၉ ရက်နေ့တွင် မိဘများအတွက် Parenting Seminar ကို ကမ္ဘာ့ဌာနချုပ်မှ မိသားစု သာသနာဌာန ညွှန်ကြားရေးမှူး Dr. Willie Oliver နှင့်ဇနီးဖြစ်သူ Dr. Eline Oliver၊ ဒီဝီဇံမှ မိသားစုသာသနာဌာနညွှန်ကြားရေးမှူး Dr. Orathai Chureson တို့ လာရောက်၍ သင်တန်းပေးခဲ့ကြောင်း၊ ထိုသင်တန်းသို့ တိုင်းအသီးသီးမှ ကိုယ်စားလှယ် မိဘများ ၁၀၀ ယောက် တက်ရောက်ခဲ့ကြောင်း၊ သားသမီးများကို မိဘများအနေဖြင့် မည်သို့ပြုစုပျိုးထောင်ရမည့်အကြောင်းသာမက ဇနီးမောင်နှံနှစ်ဦးကြားလေ မေတ္တာ ပိုမိုခိုင်မြဲတိုးတက်ရန်အတွက် ဘုရားသခင်ထံပြန်လည်ဆက်ကပ်ခြင်း အစီအစဉ်ကိုလည်းပြုလုပ်ခဲ့ကြောင်း သတင်းရရှိပါသည်။



## ၂၀၁၇ ခုနှစ်၊ ခေါင်းဆောင်မှုဆိုင်ရာသင်တန်း
## Leadership Education and Development Conference

၂၀၁၇ ခုနှစ်၊ ခေါင်းဆောင်မှုဆိုင်ရာသင်တန်း (Leadership Education and Development Conference) ကို Pr. Kelly P Lyan (MYUM Executive Secretary) က ဦးဆောင်ပြီး မတ်လ ၁၆ ရက်မှ မတ်လ ၁၈ ရက်နေ့ အထိ ရန်ကုန်မြို့၊ အမှတ် ၆၈၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်ရှိ ခရစ်တော်ကို မြော်လင့်သော သတ္တမနေ့အသင်းတော်တွင်ကျင်းပပြုလုပ်ခဲ့ကြောင်း။

မတ်လ ၁၆ ရက်နေ့ဖွင့်ပွဲတွင် Pr. Gary Krause (GC Associate Secretary)က ဝိညာဉ်အသက်ရှင်ရေးအတွက် ခွန်အားပေးသောဝိညာဉ်လေကို ရှူရှိုက်ရမည်ဖြစ်ကြောင်း၊ ဘုရားသခင်မိန့်တော်မူသည့်အတိုင်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဘုရားရှင်နိုင်ငံအတွက် လူကိုမျှားရမည် ဖြစ်ကြောင်း၊ ရေနက်ရာသို့တိုးပြီး ငါးကိုရှာသကဲ့သို့ခက်ခဲသောနေရာများသို့လည်း အမှုတော်အတွက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တရားဒေသနာဝေငှခဲ့ပါသည်။




## ယူနီယံသုံးခုပေါင်းဘဏ္ဍာရေးဌာနအစည်းအဝေး
## Tri-Union Treasury Conference

ရန်ကုန်မြို့၊ အမှတ် ၆၈၊ ဦးဝိစာရလမ်း၊ ဒဂုံမြို့နယ်၊ ဘုရားကြီးရပ်ကွက်ရှိ ခရစ်တော်ကိုမြော်လင့်သောသတ္တမနေ့အသင်းတော်တွင် ဆရာကြီးဦးခဲလေသိန်း (မြန်မာယူနီယံဘဏ္ဍာရေးမှူးချုပ်) ကဦးဆောင်လျက် ယူနီယံသုံးခုပေါင်းဘဏ္ဍာရေးဌာန အစည်းအဝေး (Tri-Union Treasury Conference) ကို မတ်လ ၂၀ ရက်မှ ၂၂ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ကြောင်း၊ ဆောင်ပုဒ်မှာ (Financial Management-Doing it, God's way) ဟူ၍ဖြစ်ကြောင်း။

အဆိုပါ အစည်းအဝေးတွင် ဘင်္ဂလားဒေ့ရှ်ယူနီယံ BAUM၊ မြန်မာယူနီယံ MYUM၊ အရှေ့တောင်အာရှယူနီယံ SAUM၊ မှကိုယ်စားလှယ်တို့ပါဝင်တက်ရောက်ကြောင်း၊ တက်ရောက်သောကိုယ်စားလှယ်မှာ ၉၅ ယောက်ရှိကြောင်း။

သင်တန်းကာလတွင် မတ်လ ၂၀ ရက်နေ့၌တရားဒေသနာမှာ Pr. Mamerto Guingguing (SSD Communication Director) က ဘုရား အမှုတော်မှာပါဝင်လျှင် သစ္စာရှိခြင်းဟာ အမှုတော်မှာအောင်မြင်ခြင်းရရှိမည်။ ကောင်းချီး ရရှိမည်ဖြစ်ကြောင်း၊ လုံ့လဝီရိယရှိတဲ့သူဟာ ချီးမြှောက်ခြင်းခံရမည်ဖြစ်ကြောင်း၊

မတ်လ ၂၁ ရက်နေ့ နံနက်ယံဝတ်ပြုချိန်တွင် တရားဒေသနာမှာ စာများများဖတ်လျှင် ဆက်သွယ်ရေးလမ်းကြောင်းမှာအသုံးဝင်မည်ဖြစ်ကြောင်း၊ လူတစ်ဦးတစ်ယောက်၏အပြုအမူသာမဟုတ် လူ၏အမြင်ကိုလည်းပြောင်းလဲရန်လိုကြောင်း။

မတ်လ ၂၂ ရက်နေ့ နံနက်ယံဝတ်ပြုချိန်တွင် (1)Be Mindful of your

Contects (၂) Be Mindful of your choices (၃) Be Mindful of your Conduct စသည့် အကြောင်းအရာများဟောသွားကြောင်း။

ထို့အပြင် ဘဏ္ဍာရေးနှင့်ဆိုင်သောပုဂ္ဂိုလ်များကိုပြန်လည်တည်ဆောက်ခြင်း၊ ဘဏ္ဍာရေးနှင့်ဆိုင်သောပုဂ္ဂိုလ်များလိုအပ်သောအရည်အချင်းများ၊ လုပ်ငန်းစဉ်များနှင့်ပတ်သက်သောအကြောင်းအရာများကို သက်ဆိုင်ရာဆရာကြီးများကဟောပြောသင်ကြားပေးခဲ့ကြောင်းသတင်းရရှိပါသည်။



## "သံတွဲနယ်၊ တောင်ပတ်လည် နှစ်(၅၀) ဂျူဗလီနှင့်သင်တန်း"

သံတွဲနယ်၊ တောင်ပတ်လည်တွင် အသင်းသူ/သားများ ဘုရားသခင်၏အမှုတော်မှာပါဝင်နိုင်ဖို့ရန်အတွက် သင်တန်းနှင့်အတူ နှစ်(၅၀) ဂျူဗလီပွဲတော်ကို မတ်လ (၂၇) ရက်နေ့တွင် ကျင်းပခဲ့ကြောင်း။

သင်တန်းနှင့်ဂျူဗလီပွဲတော်ကို ကျင်းပနိုင်ရန်အတွက် ရန်ကုန်တိုင်းဌာနချုပ်မှ တိုင်းဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူးနှင့်အမျိုးသမီးသာသနာဌာနညွှန်ကြားရေးမှူး တို့သည် ပါဝင်တက်ရောက်ခဲ့ကြောင်း၊ သင်တန်းအစီအစဉ်ကို မတ်လ ၂၅ ရက်နေ့နှင့် ၂၆ ရက်များတွင် ကျင်းပရာ တိုင်းဥက္ကဋ္ဌဆရာဦးမောင်မောင်ဌေးမှ တပည့်တော်ဖြစ်သင်တန်းကို ဦးဆောင်သင်ကြားပေးပြီး ဥပုသ်စာဖြေအရေးကြီးပုံ သင်တန်းကို ဆရာကြီးဦးခင်မောင်ရင်မှသင်ကြားပေးခဲ့ကြောင်း။ ထို့အပြင် ဘဏ္ဍာရေးဆိုင်ရာသင်တန်းကို ဆရာကြီး ဦးနန်ဒိုဒါးလ်မှ သင်ကြားပေးကာ ကျန်းမာခြင်းသင်တန်းကို ဆရာမဆောင်းဝေဝေမှ ပို့ချခဲ့ကြောင်း။

သင်တန်းပြီးဆုံး၍ မတ်လ ၂၇ ရက်နေ့တွင် တောင်ပတ်လည် သာသနာ နှစ်(၅၀) ပြည့် ဂျူဗလီပွဲတော်ကို ကျင်းပရာ၊ ကျောက်ဖြူအသင်းတော်မှအသင်းသူ/ သားများ၊

ရမ်းပြဲမှအသင်းသူ/သားများ၊ တောင်ကုတ် (ဒုံ)မှ အသင်းသူ/သားများ၊ သံတွဲမှ အသင်းသူ/သားများနှင့်အနယ်နယ်အရပ်ရပ်မှပင်စင်စားဆရာ/မကြီးများ တက်ရောက် ကြကြောင်း၊ ဘုရားရှင်၏ပို့ဆောင်ပေးမှု၊ ပြင်ဆင်ပေးမှု ကျေးဇူးတော်ကြောင့် ယခုလို စည်ကားသိုက်မြိုက်စွာ ဂျူဗလီပွဲတော်နှင့်သင်တန်းများကိုအောင်မြင်စွာကျင်းပနိုင်ခဲ့ကြောင်း၊ အထူးဝမ်းမြောက်ဖွယ်သတင်းမှာ ဝိညာဉ် ၅ လုံးကိုရိတ်သိမ်းနိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ သတင်းရရှိပါသည်။



## “ရန်ကုန်တိုင်းအမျိုးသမီးသာသနာနှင့်ကလေးသာသနာခေါင်းဆောင်မှုသင်တန်း”

ရန်ကုန်တိုင်းအမျိုးသမီးသာသနာနှင့်ကလေးသာသနာညွှန်ကြားရေးမှူး ဆရာမဒေါ်ဆောင်းဝေဝေဦးဆောင်ကာ မတ်လ ၂၉ ရက်မှ ၃၁ ရက်နေ့အထိ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ မဲလမောင်းကျေးရွာတွင် အမျိုးသမီးခေါင်းဆောင်မှု သင်တန်းအဆင့် ၂ ကိုပြုလုပ်ကျင်းပခဲ့ကြောင်း၊ ထိုသင်တန်းတွင် အမျိုးသမီးခေါင်းဆောင် (၄၀) ဦး တက်ရောက်ခဲ့ကြောင်း၊ သတင်းရရှိပါသည်။



# "လိုပူကျေးရွာတရားပွဲ"

လိုပူကျေးရွာသည် ကယားပြည်နယ်၊ ဒီမောဆိုးမြို့နယ်အတွင်းတည်ရှိပြီး ကယန်း/ပဒေါင်လူမျိုးများနေထိုင်ကြသောရွာကြီးဖြစ်သည်။ အများအားဖြင့် ကာသိုလစ်ဘာသာနှင့်ရိုးရာတံခွန်တိုင် ကိုးကွယ်ကြသည်။ ထိုရွာတွင်လွန်ခဲ့သောအချိန်က ကျန်းမာရေးဟောပြောပွဲ (၂) ကြိမ်ပြုလုပ်ခဲ့ပြီးဖြစ်သည်။ ယခုတစ်ကြိမ်မှာ ရွာသားအချို့၏ ခေါ်ဖိတ်မှုကြောင့် တရားပွဲနှင့် အစီအစဉ်ကို မတ်လ ၁ ရက်မှ ၁၁ ရက်အထိ ကျင်းပခဲ့ပါသည်။

ဘုရားသခင်၏ကျေးဇူးတော်ကြောင့်ထိုတရားပွဲကိုအောင်မြင်စွာ ကျင်းပနိုင်ခဲ့ကြောင်း။ ထိုတရားပွဲကို ဆရာကြီးဦးခင်မောင်ငြိမ်းမှ ညစဉ် ၁၀ ညတိုင် တရားဒေသနာဟောကြားပေးခဲ့ကြောင်း။ နေ့ဖက်တွင် ကျန်းမာရေးအခမဲ့စစ်ဆေးပေးခြင်း၊ အစီအစဉ်ကိုနေ့စဉ်ပြုလုပ်ပေးခဲ့ရာ ရွာသားပေါင်း ၂၀၀ ခန့်လာရောက်စစ်ဆေးမှု ပြုလုပ်ခဲ့ကြောင်း။ ထို ကျန်းမာရေးစစ်ဆေးခြင်းအစီအစဉ်ကို ဆရာဟေရှာယမှဦးဆောင်ကာကျင်းပခဲ့ကြောင်း။




တရားပွဲအစီအစဉ်တွင် ရှမ်း/ကယားအမှုဆောင်များပါဝင်ဆက်ကပ်ခဲ့ကြကြောင်း၊ တရားပွဲပြီးဆုံးချိန်တွင် ဝိညာဉ် (၅) လုံးရိတ်သိမ်းနိုင်ခဲ့ကြောင်း၊ သတင်းရရှိပါသည်။



## “အမျိုးသမီးတရားပွဲနှင့် နွေရာသီကျမ်းစာသင်တန်း VBS ကျင်းပခြင်း”

မကွေးတိုင်း၊ ထီးလင်းမြို့တွင် အမျိုးသမီးများတရားပွဲနှင့် နွေရာသီကျမ်းစာ သင်တန်း VBS ကို မတ်လ ၂-၁၅ ရက်နေ့အထိပြုလုပ်ကျင်းပခဲ့ကြောင်း၊ နေ့ပိုင်းတွင် ကလေးတန်းနှင့်လူငယ်တန်း၊ နှစ်တန်းခွဲကာ ကျမ်းစာသင်ပေးခြင်း၊ အသင်းတော် ယုံကြည်ချက်များသင်ပေးခြင်း၊ ပုံပြင်သီချင်းများသင်ပေးခဲ့ကြောင်း၊ ည ၆း၃၀ နာရီမှ ၈း၃၀ နာရီအထိ ညစဉ်တရားဟောခြင်းကို ဆရာမတမ်ဝါ၊ ဆရာမထန်းမြူဝါနှင့် ဆရာမ ဆုန်ချဉ်းတို့မှ ဦးဆောင်တရားဟောခဲ့ကြောင်း၊ နေ့ရောညပါ သင်တန်းပေး၊ တရားဟောကြရသည့် ဆရာမများသည်ပင်ပန်းသော်လည်း မိမိတို့၏ပထမဆုံးအကြိမ် အတွေ့အကြုံဖြစ်သောကြောင့်ဝမ်းသာပီတိဖြစ်ခဲ့ကြောင်း၊ ထီးလင်းအသင်းတော်သည် ကလေးလူငယ်လူရွယ်များဖြင့် ဖွဲ့စည်းထားပြီးအလွန်နိုးကြားသောအသင်းတော်ဖြစ်ကြောင်း သတင်းရရှိပါသည်။



## “အရှေ့တောင်တိုင်းသာသနာနယ်၏လှုပ်ရှားမှုများ”

(ဇန်နဝါရီလမှ မတ်လအထိ)

၁။ ဇန်နဝါရီလ ၁ ရက်နေ့တွင် ထားဝယ်နယ်၊ မေတ္တာကျေးရွာရှိ House Church ကို ဆက်ကပ်ပွဲပြုလုပ်ခဲ့ပါသည်။



၂။ တောင်ကိုးရီးယားနိုင်ငံမှ  ASAPH Orchestra Group သည် အရှေ့တောင် တိုင်းရေပူမဲ့ကျမ်းစာကျောင်းတွင် ဇန်နဝါရီလအတွင်းအချိန်(၂) ပတ်ခန့်တေးဂီတ တူရိယာမျိုးစုံတီးမှုတ်ခြင်းသင်တန်းကိုပြုလုပ်ကျင်းပခဲ့ပါသည်။




၃။ ဇန်နဝါရီလ ၂၇ ရက်နေ့၌ ဖါပွန်မြို့တွင် House Church ဆက်ကပ်ခြင်း အစီအစဉ်ကို တိုင်းဥက္ကဋ္ဌဆရာဦးစောကဲဦးဆောင်ပြီးပြုလုပ်ကျင်းပခဲ့ပါသည်။



၄။ ဖေဖေါ်ဝါရီလ ၄ ရက်နေ့၌ လယ်ခဲ့ခေါ်အသင်းတော်တွင် ဇနီးမောင်နှံများပြန်လည်ဆက်ကပ်ခြင်းအစီအစဉ်ကို တိုင်းမိသားစုသာသနာဌာနညွှန်ကြားရေးမှူး ဆရာမ ရင်ရင်ရွှေဦးဆောင်ကာပြုလုပ်ကျင်းပခဲ့ပါသည်။



၅။ ဖေဖေါ်ဝါရီလ ၁၁ ရက်နေ့၌ လေးဖိုးထာအသင်းတော်တွင် ဇနီးမောင်နှံများပြန်လည်ဆက်ကပ်ခြင်းအစီအစဉ်ကို တိုင်းမိသားစုသာသနာဌာနညွှန်ကြားရေးမှူး ဆရာမ ရင်ရင်ရွှေဦးဆောင်ကာပြုလုပ်ကျင်းပခဲ့ပါသည်။



၆။ ဖေဖေါ်ဝါရီလ ၂၇ ရက်နေ့တွင် ပထမအကြိမ် ကျောင်းဆင်းပွဲကို သူးကပီးကျေးရွာရှိအသင်းတော်ကျောင်းတွင်ပြုလုပ်ကျင်းပခဲ့ပါသည်။



၇။ မတ်လ ၁ ရက်နေ့တွင် မန်အောင်မြို့ရှိ အသင်းတော်မှဖွင့်လှစ်ထားသည့် မူကြိုကျောင်း ၏တတိယအကြိမ်မြောက်ကျောင်းဆင်းပွဲကိုပြုလုပ်ကျင်းပခဲ့သည်။



၈။ အကြိမ် (၂၀) မြောက် ရေပူမမွကျမ်းစာကျောင်း၏ကျောင်းဆင်းပွဲကို မတ်လ (၂) ရက်နေ့တွင်ပြုလုပ်ကျင်းပခဲ့ပါသည်။




၉။ ကော့လျမ်းကျေးရွာ၊ မြဝတီနယ်တွင် တိုင်းဥက္ကဌ ဆရာကြီးဦးစောကဲ ဦးဆောင်ပြီး ဗျာဒိတ်သင်တန်းကိုပြုလုပ်ကျင်းပခဲ့ပါသည်။




၁၀။ မြိတ်မြို့နယ်၊ ဂျိုးတောင်ကျေးရွာတွင် နယ်စီးဆရာတော်ဦးခွန်ဝင်းကိုကိုဦးဆောင်လျက် ဆရာဦးဝင်းထွတ်၏ကျိုးစားအားထုတ်မှုဖြင့်ဝိညာဉ် (၂) လုံးရိတ်သိမ်းခဲ့သည်။



## "မိုင်းရှူးတရားပွဲ"

ရှမ်းပြည်မြောက်ပိုင်း၊ လားရှိုးနယ်၊ မိုင်းရှူးမြို့တွင် နယ်စီးဆရာတော်ဦးစောလမုန်ဦးဆောင်လျက်တရားပွဲကျင်းပခဲ့ကြောင်း၊ ထိုတရားပွဲတွင် ပြင်ဦးလွင် AWR Studio

မှတာဝန်ခံဖြစ်သူ ဆရာဦးတိတ်ဆောင်နှင့်နန်းမအသင်းတော် အသင်းအုပ်ဆရာ ဦးစင်ပူ တို့ပါဝင်ဆက်ကပ်ခဲ့ကြကြောင်း၊ တရားပွဲအပြီးတွင် ဝိညာဉ် (၅) လုံးရိတ်သိမ်း နိုင်ခဲ့ကြောင်း သတင်းရရှိပါသည်။



## “(၃၀) ကြိမ်မြောက် ချင်းပြည်နယ် (R.B.) အစည်းအဝေးနှင့် (Kapteel) ဘုရားကျောင်းဆက်ကပ်ပွဲ”

(၃၀) ကြိမ်မြောက် ချင်းပြည်နယ် (R.B.) အစည်းအဝေးနှင့် (Kapteel) ဘုရားကျောင်းဆက်ကပ်ပွဲကို ချင်းပြည်နယ်၊ တီးတိန်မြို့၊ ကပ်တဲ(လ်) ကျေးရွာတွင် မတ်လ (၂၃) ရက်နေ့မှ (၂၆) ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း၊ ထိုအစည်းအဝေးပွဲသို့ ရပ်နီးရပ်ဝေးမှ ဧည့်သည်ပေါင်း ၅၀၀ ကျော်တက်ရောက်ခဲ့ ကြောင်း။

မြန်မာယူနီယံအလုပ်အမှုဆောင်အတွင်းရေးမှူးချုပ် ဦးကယ်လီပီလျန်းမှ (Kapteel)ဘုရားကျောင်းကို မတ်လ (၂၅) ရက်နေ့တွင် ဆက်ကပ်ဖွင့်လှစ်ပေးခဲ့ ကြောင်း၊ အထူးဧည့်သည်တော်များအဖြစ် မြန်မာယူနီယံမှ ဆရာဦးကိုင်ခန့်ခွာလ်၊ အမေရိကန်နိုင်ငံမှ ဆရာဦးဂင့်ရှင်းမုန်ဇနီးမောင်နှံ၊ ဆရာဆုမ်းနန်ဇနီးမောင်နှံ၊ ဆရာ မဒွန့်နိုး၊ အိန္ဒိယနိုင်ငံမှ ဂင့်ဒါးလျန်ဇနီးမောင်နှံတို့တက်ရောက်ခဲ့ကြောင်း၊

ဤဘုရားကျောင်းသစ်ဆောက်လုပ်ရန် အသင်းတော်အပြင် ရပ်နီးရပ်ဝေးရှိ ကပ်တဲ(လ်) ရွာသူရွာသားများကစေတနာထက်သန်စွာလှူဒါန်းသော ကျပ်ငွေသိန်း (၅၀၀) ကျော်ဖြင့်ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း၊ သတင်းရရှိပါသည်။

အလှူရှင်အားလုံးအပေါ် အဖဘုရားသခင်ထံမှ အဆ (၁၀၀) သော ကောင်း ကြီးမင်္ဂလာများသွန်းလောင်းကျရောက်ပါစေ။ အာမင်။



သတင်းပေးပို့သူ
ကယ်လီပီလျန်း



## MYUM Health Advisory

MYUM Health Advisory ကိုရန်ကုန်ဗဟိုဌါနချုပ်၌မတ်လ (၆) ရက် မှ (၈) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ SSD Health Director ဆရာမကြီး Dr. Lahlaine မှဦးဆောင်ပြီး Union, Mission ညွှန်ကြားရေးမှူးများ အားလုံးတက်ရောက်ကာ Health Department ၏ ၅ နှစ်တာလုပ်ဆောင်မှုများအတွက် သင်တန်းပို့ချမှုများကို မှတ်သားရယူနိုင်ခဲ့ပြီး လုပ်ဆောင်ရမည့်စီမံကိန်းများကိုလည်း ရေးဆွဲခဲ့ပါသည်။ မြန်မာနိုင်ငံရှိ ဆရာဝန်နှစ်ဦးမှလည်း ကျန်းမာရေးဆိုင်ရာအကြောင်းအရာများကို သင်တန်းပို့ချပေးခဲ့သည်။




## Youth Alive

ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ် Music ကျောင်းဝင်းအတွင်းတွင် မတ်လ (၁၉-၂၃)၊ ၂၀၁၇ အထိ Youth Alive Training တစ်ခုကို World Vision အဖွဲ့နှင့်အတူ MYUM Health Department မှအတူတကွလက်တွဲကာ ကလေးလူငယ်များအတွက် လုပ်ဆောင်ပေးခဲ့ပါသည်။

စုစုပေါင်းသင်တန်းသူ/သားများနှင့်တကွဦးဆောင်သူများစုစုပေါင်း (၁၂၀) ကျော် ပါဝင်ကြပါသည်။ လူငယ်များအတွက်ကျန်းမာရေးလေ့ကျင့်ခန်း၊ အကောင်းမြင်ခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်း၊ မေတ္တာထားခြင်း၊ သူငယ်ချင်းဖွဲ့ခြင်း၊ မူးယစ်ဆေးဝါး ကင်းစင်ခြင်း၊ ပူးပေါင်းကစားခြင်းများ၊ အရည်အချင်းစွမ်းရည်ပြပွဲများ စိတ်ဓါတ်မြင့်တင်ခြင်းနှင့် စွန့်ပစ်ခံများ၏တန်ဖိုးရှိမှုများကို ဝေငှလက်ဆင့်ကမ်းနိုင်ခဲ့ပါသည်။





## "ပထမအကြိမ်ဥပုသ်စာဖြေကျောင်းနှင့်ကိုယ်စီသာသနာလုပ်ငန်းညီလာခံပွဲကြီး"

ဘုရားသခင်၏ကျေးဇူးတော်ကြောင့် မြန်မာယူနီယံမစ်ရှင်၏ပထမအကြိမ်မြောက် ဥပုသ်စာဖြေကျောင်းနှင့်ကိုယ်စီသာသနာလုပ်ငန်းညီလာခံပွဲကြီးကို အရှေ့တောင်တိုင်း သာသနာနယ်၊ ဘုရားကုန်း-ငြိမ်းချမ်းရေးအသင်းတော်တွင် ၂၀၁၇ ခုနှစ်၊ မတ်လ (၂၉) ရက်မှ ဧပြီလ (၁) ရက်နေ့အထိ ပြုလုပ်ကျင်းပခဲ့ကြောင်း၊

ဒီဗီဇံမှ ဥပုသ်စာဖြေကျောင်းနှင့်ကိုယ်စီသာသနာဌာနညွှန်ကြားရေးမှူး Dr. Hermogenes Villanueva ကိုယ်တိုင်တက်ရောက် အားပေးခဲ့ကြောင်း၊ မြန်မာယူနီယံ မှ ဥက္ကဌနှင့်တကွ ဌာနဆိုင်ရာညွှန်ကြားရေးမှူးများဖြစ်သော ဦးထန်ကန်းလို၊ ဦးခင်မောင် လတ်နှင့်ဒေါ်ချိုချိုပေါလ်တို့တက်ရောက်အားပေးကာ သင်တန်းများပို့ချခဲ့ကြောင်း၊

အဆိုပါညီလာခံ၏ထူးခြားချက်မှာ ဗုဒ္ဓဘာသာဝင်ပအို့ဝ်လူငယ် (၁၆) ယောက် သည် ဆရာနေစေးဦးဆောင်မှုဖြင့် အင်္ဂလိပ်သီချင်းသီဆိုခြင်း၊ ကျမ်းစာရွတ်ခြင်း၊ ပြိုင်ပွဲများ၊ သီချင်းပြိုင်ပွဲများ၊ ရိုးရာအကများဖြင့်အားရပါးရပါဝင်ဆက်ကပ်ခဲ့ကြကြောင်း၊ ဤ အစည်း အဝေးပွဲကြီးတွင် တက်ရောက်သူပေါင်း (၃၀၀) ကျော်ရှိကြောင်း၊ အရှေ့တောင်တိုင်းသာ သနာ နယ်ခေါင်းဆောင်များ၏ဆက်ကပ်မှု၊ နယ်ခံအသင်းတော်၏ ပံ့ပိုးမှုနှင့်အတူ အသင်း သူ/သားများအင်တိုက်အားတိုက်ပါဝင်ဆက်ကပ်မှုကြောင့် ညီလာခံအစည်းဝေးကြီး အောင် မြင်စွာ ပြီးစီးခဲ့ကြောင်း၊ ဤစည်းဝေးပွဲကြီးတွင် လူငယ် (၇) ဦးနှစ်ခြင်းခံယူခဲ့ကြောင်း၊

ဝိညာဉ်တော်ထိတွေ့မှုကိုခံစားကြရပြီး၍သို့စည်းဝေးပွဲများထပ်မံပြုလုပ်ပေးပါရန် တောင်းဆိုကြကြောင်း၊ သတင်းရရှိပါသည်။

သတင်းပေးပို့သူ

ဦးထန်ကန်းလို၊ ယူနီယံညွှန်ကြားရေးမှူး






# “လက်ထပ်ထိမ်းမြားခြင်း”

## Zirsangliana နှင့် Lalsiampuii

နေ့ရက် - မတ်လ (၁၄) ရက်၊ ၂၀၁၇ ခုနှစ်။

နေရာ - ရန်ကုန်ဗဟိုအသင်းတော်ဘုရားကျောင်း



# “နာရေးသတင်း”

၁။ ဧရာဝတီတိုင်း၊ မြောင်းမြအသင်းတော်မှ ဆရာမအယ်ဖေါဦး (Mrs. Kyaw Tun)၊ အသက် (၇၇) နှစ် သည် မတ်လ ၆ ရက်နေ့၊ ၂၀၁၇ ခုနှစ်တွင် ခရစ်တော်၌ အိပ်ပျော်သွားခဲ့ပါသည်။



၂။ ရန်ကုန်ဗဟိုအသင်းတော်မှ Mr. Lalzuiliana ၊ အသက် (၅၉) နှစ်သည် မတ်လ ၂၇ ရက်နေ့၊ ၂၀၁၇ ခုနှစ်တွင် ခရစ်တော်၌အိပ်ပျော်သွားခဲ့ပါသည်။



------------------------------- ။ -------------------------------

## "အထူးဆုတောင်းပေးရန်"

၁။ မြန်မာပြည်အသင်းတော်၌သန့်ရှင်းသောဝိညာဉ်တော်သွန်းလောင်းကျရောက်ရန်။

၂။ အသင်းတော်ကိုဦးဆောင်နေသောခေါင်းဆောင်ကြီးများ (GC, Division, Union, Mission)၊ ဌာနဆိုင်ရာညွှန်ကြားရေးမှူးများ (GC, Division, Union, Mission)၊ အမှုတော် ဆောင်များနှင့်အသင်းသူ/သားများအားလုံးအတွက် စည်းစည်းလုံးလုံးရှိပြီး အမှုတော် မြတ်၌အတူတကွလက်တွဲလုပ်ဆောင်နိုင်ရန်။

၃။ ၂၀၁၇ ခုနှစ်၊ မြန်မာယူနီယံ၏သတ်မှတ်ထားသောပန်းတိုင်ပြည့်မှီရန်။

| | |
|---|---|
| ဝိညာဉ်ပန်းတိုင် | - ၅၀၀၀ |
| ဆယ်ဘို့တစ်ဘို့ပန်းတိုင် | - သိန်းပေါင်း နှစ်သောင်းတစ်ထောင် |
| အလှူငွေပန်းတိုင် | - သိန်းပေါင်း ငါးထောင်ငါးရာ |

၄။ "အသင်းသားတိုင်းပါဝင်အမှုတော်တွင်" ဆောင်ပုဒ်အရ အသင်းသားတိုင်း အမှုတော်သာသနာလုပ်ငန်းတွင်တက်ကြွစွာပါဝင်နိုင်ရန်။

၅။ ၂၀၁၇ ခုနှစ် တိုင်းနယ်အသီးသီးတွင်လုပ်ဆောင်သွားမည့်တရားပွဲများ အတွက်။

၆။ YAS ကျောင်းအဆောက်အဦး၊ MUAS အမျိုးသမီးဆောင်နှင့်အခြားဆောက် လုပ်နေသောအဆောက်အဦးများအတွက်။

၇။ တွံတေးဘုရားကျောင်းပြန်လည်ဆောက်လုပ်ခွင့်ရရှိရန်။

၈။ ဖျားနာသောသူများအတွက်။ (ဦးထွန်းလှစိန်၊ ဆရာ Sui Thang၊ ဆရာ စလိုင်းဂျိုးဇက်၊ ဒေါ်ကြည်သာ၊ နှင့်အခြားဖျားနာသူများအားလုံး)

## "ကြော်ငြာချက်များ"

၁။ ဤနှစ် ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလမှစ၍ တစ်လတစ်ကြိမ်သတင်းထုတ်ဝေဖြန့်ချီသွားမည်ဖြစ်သောကြောင့် အချိန်နှင့်တပြေးညီထုတ်ဝေဖြန့်ချီနိုင်ရန် မြန်မာယူနီယံ၏ သတင်းနှင့်နည်းပညာ (I.T.) တာဝန်ခံ (Thang Pau) ၏ (Facebook) တွင် လည်းကောင်း၊ (shinetha1961@gmail.com) သို့လည်းကောင်း၊ မိမိတို့၏လုပ်ဆောင်ခဲ့သော အကြောင်းအရာများကို ဓါတ်ပုံနှင့်တကွ တိုက်ရိုက်ပေးပို့ပေးပါရန် အထူးမေတ္တာရပ်ခံ အပ်ပါသည်။

၂။ မြန်မာပြည်လုံးဆိုင်ရာ သတ္တမနေ့အသင်းတော်၏ပြည်လုံးကျွတ်အစည်းအဝေးကြီး နှင့် သာသနာနှစ် ၁၁၅ နှစ်ပြည့်အထိမ်းအမှတ်အစည်းအဝေးပွဲကြီးကို လာမည့် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၉-၁၁ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့ရှိ ဓမ္မတက္ကသိုလ်ကျောင်းတော်ကြီး၌ကျင်းပသွားမည်ဖြစ်ပါကြောင်း ကြော်ငြာအပ်ပါ သည်။